## ၅။ ငှက်ပျောပင်စည်ထိုးပိုး

**Banana Stem Weevil: *Odoiporus longicollis* (Olivier, 1807)**

**Copeoptera: Curculionidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**



လောက်ကောင်သည် ညိုရင့်ရောင်ဦးခေါင်းရှိပြီး နို့နှစ်ဖြူရောင်ခန္ဓာကိုယ် ရှိသည်။ လောက်ကောင်တွင် ခြေထောက်များမပါရှိပါ။ အရွယ်ရောက်ကောင်ဖြစ်သည့် အကောင်ကြီးသည် နီညိုရောင်မှ အနက်ရောင်ရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



ငှက်ပျောခေါင်းနှင့် ပင်စည်ယောင်တွင်းသို့ထိုးဖောက်ကာ ဥများကိုအုလေ့ရှိသည်။ ပိုးလောက်ကောင်များသည် ပင်စည်အတွင်းထိုးဖောက်ဝင်ရောက်ပြီး လှိုဏ်ခေါင်းများကိုဖြစ်စေသည့်အတွက် ပင်စည်၏အပြင်ဘက်မျက်နှာပြင်တွင် အပေါက်များကိုတွေ့နိုင်သည်။ ပင်စည်အတွင်းသို့ဝင်ရောက်စားသောက်သဖြင့် ငှက်ပျောပင်စည်သည် ဒဏ်ရာရရှိလာပြီး ယင်းဒဏ်ရာကြောင့် ပင်စည်ပုပ်ရိပြီး ကျိုးကျခြင်းများတွေ့ရသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | -(၃-၅)ရက် |
| လောက်ကောင်အဆင့် | -၂၁-၂၃**)** ရက် |
| ရုပ်ဖုံး  အဆင့် | -(၈-၁၀)ရက် |
| အကောင်ကြီး အဆင့် | **– (**၆၅-၂၀၀)ရက် (တနှစ်ခန့်ထိနေထိုင်သည်) |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ပင်စည်ထိုးပိုးကျရောက်ထားသော ငှက်ပျောပင်ခေါင်းများအားတူးထုတ်ပြီး စိုက်ခင်းနှင့်ခပ်ဝေးဝေးတွင် ဖျက်ဆီးပစ်ပါ။

(၂) ကျန်းမာသန်စွမ်းပြီး ဖျက်ပိုးကင်းသော သားတက်များကိုသာ အသုံးပြုပါ။

(၃)အပင်ခြေအားမြေဆွ၍ ဖစ်ပရိုနေး (Fipronil 3GR) ထည့်ပါ။

(4) ထိသေ၊စားသေ (သို့) ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကိုဆေးအညွှန်းစာအတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူး ဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍ စနစ် တကျ ခူးဆွတ်ပါ။

- ကာဘာရိုင်း (Carbaryl)
- လန်မ်ဒါဆိုင်ဟေလိုသရင် (Lambda-Cyhalothrin)
- ဆိုင်ပါမီသရင် (Cypermethrin)
- ကာတတ်ဟိုက်ဒရိုကလိုရိုက်(Cartap hydrochloride)